(၂၄)

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၂၄၃/၂၀၀၁ (၆၃၅-၈၂)။
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ မေလ ၉ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြသည့် အမှာစာ

အကြောင်းအရာ။ မြန်မာငါးဘုရင် လီမိတက် မှ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော မြန်မာ ငါးဘုရင် လီမိတက် (Myanmar King Fish Ltd.) မှ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၅-၄-၂၀၀၁)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၁/၂၀၀၁) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ (၂၇-၄-၂၀၀၁) နေ့တွင် ကျင်းပပြုလုပ် ခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၃/၂၀၀၁) အစည်း အဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန်ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်းငွေပေး ချေခြင်းစနစ် သဘောတူ စာချုပ် (မူကြမ်း)ကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၁၂၅)သန်း အပါအဝင် စုစုပေါင်း ကျပ် (၇၀.၄၀)သန်း ဖြစ်ပါသည်။ စက်ပစ္စည်းများကို အိန္ဒိယနိုင်ငံ Andaman Sea Foods Pvt Ltd. မှ ရွှေ့ဆိုင်းငွေပေးချေခြင်း စနစ်ဖြင့် ရယူမည်ဖြစ်ပြီး အတိုးနှုန်း (၅)ရာခိုင်နှုန်းဖြင့် (၄)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ အဆိုပြု ကုမ္ပဏီဖြစ်သည့် မြန်မာငါးဘုရင် လီမိတက်အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော ရန်ကုန်တိုင်း၊ ရွှေပြည်သာ မြို့နယ်၊ စက်မှုဒေသ၊ မြေကွက်အမှတ် (၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄) ရှိမြေ (၁.၆၉) ဧက (၆၈၃၉.၁၉ စတုရန်းမီတာ) တွင် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှ ထုတ်လုပ်မှု၏ (၁၀၀) ရာခိုင်နှုန်းအား ပြည်ပသို့ ရောင်းချမည်ဖြစ်ပြီး ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (တန်)
၁။	Fresh Water Fish	၃၃၆
၂။	Sea Water Fish	၂၄၀
၃။	Fresh Water Prawn	၃၆
၄။	White Prawn	၃၆
၅။	Tiger Prawn	၃၆
၆။	Pink Prawn	၄၂

၅။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၄၇ သန်း
(ခ) ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ ၀.၃၆ သန်း

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၂၀၃)ဦး နှင့် ပြည်ပမှ ကျွမ်းကျင်သူ (၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ ငါး၊ ပုစွန်ပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းကို အားပေးကူညီလျက်ရှိသဖြင့် ကန့်ကွက်ရန် မရှိကြောင်းနှင့် ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ကြောင်း ထောက်ခံထားပါသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ လုပ်ငန်းဆောင်ရွက်မည့် မြေနေရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် လုပ်ငန်းစီစဉ်ထားမှုနှင့် (Waste Water Treatment Plant) တပ်ဆင်ခြင်း အစီအစဉ်ကို တင်ပြလာပြီး၊ အဆိုပါမြေသည် အအေးခန်းစက်ရုံအတွက် လျာထားနေရာတွင် တည်ရှိပါသည်။ အဆိုပါ မြေကွက်နှင့် ကပ်လျက်တွင် သင်းတိုက်ဝန် ဦးထွန်းညိုလမ်း၏ နံဘေးတွင် တဂူခြံချောင်းလက်တက် ရှိပါကြောင်းနှင့် ကုမ္ပဏီ၏ တင်ပြချက်အရ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် စက်ရုံမှ Water Treatment System အသုံးပြု၍ သန့်စင်ထားပြီးသော အရည်ကြည်ကို ယင်းတဂူချောင်းမှ တစ်ဆင့် လှိုင်မြစ်အတွင်းသို့ စွန့်ပစ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါ၍ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်ခွင့် ပြုသင့်ပါကြောင်း ပြန်ကြားလာပါသည်။

၈။ ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ချေးငွေရယူမှုတို့အတွက် ဝန်ခံကတိများ ပြုထားပါသည်။

၉။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။

ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၀။ ဆုံးဖြတ်ရန်အချက်။

(က) မြန်မာ ငါးဘုရင် လီမိတက်မှ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။
အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)
ဥက္ကဋ္ဌ
ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၂၄၃/၂၀၀၁ (၄၂၁)။
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ မြန်မာငါးဘုရင် လီမိတက် မှ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော မြန်မာ ငါးဘုရင် လီမိတက် (Myanmar King Fish Ltd.) မှ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၅-၄-၂၀၀၁)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၁/၂၀၀၁) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ် သဘောတူ စာချုပ် (မူကြမ်း)ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၁၂၅)သန်း အပါအဝင် စုစုပေါင်း ကျပ် (၇၀.၄၀)သန်း ဖြစ်ပါသည်။ ယင်းတွင်ငွေသား ကျပ် (၂၀.၀၀)သန်း၊ မြေတန်ဖိုး ကျပ် (၁၃.၂၀)သန်း၊ အဆောက်အဦတန်ဖိုး ကျပ် (၁၅.၅၀)သန်းနှင့် စက်ပစ္စည်း တန်ဖိုး ကျပ် (၂၁.၇၀)သန်း {အမေရိကန်ဒေါ်လာ (၀.၁၂၅)သန်း အပါအဝင်} ကို ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းများကို အိန္ဒိယနိုင်ငံ Andaman Sea Foods Pvt Ltd. မှ ရွှေ့ဆိုင်းငွေပေးချေခြင်း စနစ်ဖြင့် ရယူမည်ဖြစ်ပြီး အတိုးနှုန်း (၅)ရာခိုင်နှုန်းဖြင့် (၄)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ အဆိုပြု ကုမ္ပဏီဖြစ်သည့် မြန်မာငါးဘုရင် လီမိတက်အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော ရန်ကုန်တိုင်း၊ ရွှေပြည်သာ မြို့နယ်၊ စက်မှုဒေသ၊ မြေကွက်အမှတ် (၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄) ရှိမြေ (၁.၆၉) ဧက (၆၈၃၉.၁၉ စတုရန်းမီတာ) တွင် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှ ထုတ်လုပ်မှု၏ (၁၀၀) ရာခိုင်နှုန်းအား ပြည်ပသို့ ရောင်းချမည်ဖြစ်ပြီး ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (တန်)	ရောင်းဈေးနှုန်း (US $/Ton)
၁။	Fresh Water Fish	၃၃၆	၂၀၇၀
၂။	Sea Water Fish	၂၄၀	၁၈၅၀
၃။	Fresh Water Prawn	၃၆	၁၈၀၀၀
၄။	White Prawn	၃၆	၁၇၀၀၀
၅။	Tiger Prawn	၃၆	၁၆၀၀၀
၆။	Pink Prawn	၄၂	၁၆၀၀၀

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

		အမေရိကန်ဒေါ်လာသန်း ပေါင်း
(က)	ဝင်ငွေ	၃.၆၅
(ခ)	အသုံးစရိတ်	၁.၀၁
(ဂ)	အသားတင်အမြတ်	၂.၆၄

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က)	ဝင်ငွေခွန်	အမေရိကန်ဒေါ်လာ	၀.၄၇ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	အမေရိကန်ဒေါ်လာ	၀.၃၆ သန်း

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၂၀၃)ဦး နှင့် ပြည်ပမှ ကျွမ်းကျင်သူ (၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ ငါး၊ ပုစွန်ပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းကို အားပေးကူညီလျက်ရှိသဖြင့် ကန့်ကွက်ရန် မရှိကြောင်းနှင့် ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ကြောင်း ထောက်ခံထားပါသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ လုပ်ငန်းဆောင်ရွက်မည့် မြေနေရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် လုပ်ငန်းစီစဉ်ထားမှုနှင့် (Waste Water Treatment Plant) တပ်ဆင်ခြင်း အစီအစဉ်ကို တင်ပြလာပြီး၊ အဆိုပါမြေသည် အအေးခန်းစက်ရုံအတွက် လျာထားနေရာတွင် တည်ရှိပါသည်။ အဆိုပါ မြေကွက်နှင့် ကပ်လျက်တွင် သင်းတိုက်ဝန် ဦးထွန်းညိုလမ်း၏ နံဘေးတွင် တဂူခြံချောင်းလက်တက် ရှိပါကြောင်းနှင့် ကုမ္ပဏီ၏ တင်ပြချက်အရ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် စက်ရုံမှ Water Treatment System အသုံးပြု၍ သန့်စင်ထားပြီးသော အရည်ကြည်ကို ယင်းတဂူချောင်းမှ

တစ်ဆင့် လိုင်မြစ်အတွင်းသို့ စွန့်ပစ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါ၍ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်ခွင့် ပြုသင့်ပါကြောင်း ပြန်ကြားလာပါသည်။

၉။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ ပြည်ပဈေးကွက်ရှိပြီး ဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်ပမှ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးယူသူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ယင်းချေးငွေကို လုပ်ငန်းမှ ရရှိသည့် တရားဝင် နိုင်ငံခြားငွေနှင့် ပေးဆပ်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် ဆောင်ရွက်ထားမည်ဖြစ်ကြောင်း၊ Waste Water Treatment Plant တပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၁။ ဆုံးဖြတ်ရန်အချက်။

(က) မြန်မာ ငါးဘုရင် လီမိတက်မှ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ-မတူ။

၁၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ကုန်သွယ်မှု မူဝါဒ ကောင်စီ။

ကုမ္ပဏီ ဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာ စာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏ အမည်	ဒါရိုက်တာ/အစုရှင်များ၏ လိပ်စာ
၁။	မြန်မာ ငါးဘုရင် လီမိတက် (Myanmar King Fish Ltd.)	၁။ ဦးခင်ကျော် (အုပ်ချုပ်မှု ဒါရိုက်တာ)	အမှတ် (၇၇)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
		၂။ ဦးဝင်းအောင် (ဒါရိုက်တာ)	အမှတ် (၂၂)၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
		၃။ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ)	အမှတ် (၇၇)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
		၄။ ဒေါ်ပိုးကြူ (ခ) ဒေါ်ယဉ်ယဉ်အေး (ဒါရိုက်တာ)	အမှတ် (၂၂)၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
		၅။ ဦးငွေးလွင် (ဒါရိုက်တာ)	အမှတ် (၂၂)၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁/၂၀၀ (ည)/၅၁၀၀/ ၁၁၂
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၇ ရက်

အကြောင်းအရာ။ <u>သဘောထားပြန်ကြားခြင်း</u>

ရည်ညွှန်းချက်။ မြန်မာ-ငါးဘုရင်လီမိတက်၏ (၂၈-၈-၂၀၀၀) ရက်စွဲပါ အဆိုပြုလွှာ။

၁။ မြန်မာ-ငါးဘုရင်လီမိတက်သည်၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ စက်မှုဒေသအကွက်အမှတ်(၄)ရှိ (၁.၆၉) ဧကကျယ်ဝန်းသော မြေနေရာတွင် နိုင်ငံတစ်ကာအဆင့်မီအအေးခန်းစက်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး/ပုစွန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်လိုပါသဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် တောင်းခံထားပါသည်။

၂။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် အအေးခန်းစက်ရုံ တည်ဆောက်၍ ငါး/ပုစွန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လုပ်ကိုင်ခြင်းကို အားပေးကူညီလျက်ရှိပါသဖြင့် မြန်မာ-ငါးဘုရင်လီမိတက်မှ လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုတင်ပြချက်အပေါ် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ကြောင်း ထောက်ခံပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)
(ညီညီလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

<u>အုပ်ချုပ်မှုဒါရိုက်တာ၊</u>
<u>မြန်မာ-ငါးဘုရင်လီမိတက်</u>

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အမှတ်၊ ၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း။ ရန်ကုန်မြို့။

စာအမှတ်၊ ဇမိ/နဒဖ/ပစလ-၂၁/၂၀၀၁(၂၁၁)
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ မတ်လ ၉ ရက်

အကြောင်းအရာ။ <u>မြန်မာ့ငါး ဘုရင်လီမိတက်၏ ငါး ပုဇွန်ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်း စက်ရုံတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်း ကိစ္စ</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄-၁၂-၂၀၀၀ ရက်စွဲပါစာအမှတ်၊ ရက-၃/မ-၆၂၈/၂၀၀၀(၂၄၂၃)။

၁။ ရန်ကုန်တိုင်း၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း (၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄)၊ မြေကွက်အမှတ်-၄၊ ဧရိယာ (၁.၆၈) ဧကရှိ မြေပေါ်တွင် မြန်မာ့ငါး ဘုရင်လီမိတက်မှ ငါး၊ ပုဇွန်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်မည့် မြေနေရာမှာ ပတ်ဝန်းကျင်ညစ်ညမ်း နိုင်မှုရှိ-မရှိ၊ Water Treatment Plant တပ်ဆင်ထားခြင်း ရှိ-မရှိ ကိုစစ်ဆေး၍ပြန်လည်တင်ပြရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါမြေပေါ်တွင် (၁၇၈' × ၆၀') အဆောက်အဦးတစ်လုံး (၁၈' × ၃၀') အဆောက်အဦး (၁) လုံး၊ (၁၈' × ၃၆') ရုံးခန်းနှင့် (၂၇' × ၁၄') တင်ကယ်အဆောက်အဦး (၁) လုံး တည်ဆောက်ထားပြီး လုပ်ငန်း ဆောင်ရွက်ခြင်း မရှိသေး ကြောင်း တွေ့ရှိရပါသည်။

၃။ အဆိုပါမြေပေါ်တွင်ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန်ပြုလုပ် မည့် အစီအစဉ်များ နှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များ နှင့်အဆိုပြုလွှာတွင် ဖြစ်ပေါ်ရန်ရှိသည်များ ကိုထပ်မံတင်ပြမည်ဟု ငါး ဘုရင်လီမိတက်မှ ဆွေးနွေး ချက်၊ တင်ပြ ချက်အရ ၄င်းတို့၏အစီအစဉ်တင်ပြလာမှုကို စောင့်ဆိုင်း နေရပါသည်။

၄။ မြန်မာ့ငါး ဘုရင်လီမိတက်မှ ငါး၊ ပုဇွန်ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေး ခန်း စက်ရုံလုပ်ငန်း ဆောင်ရွက်မည့် မြေ နေရာတွင်ပတ်ဝန်းကျင်ညစ်ညမ်း မှုမရှိ စေရန်လုပ်ငန်း စီစဉ်ထားရှိမှုနှင့် (Waste Water Treatment Plant) တပ်ဆင်ခြင်း အစီအစဉ်ကို (၂၃-၂-၂၀၀၁) ရက်စွဲပါစာဖြင့် တင်ပြလာပါသည်။

၅။ အဆိုပြုမြေသည်အအေးခန်း စက်ရုံအဆောက်လုပ်ရန် နေရာကွက်လပ်တစ်ခုဖြစ်ပါသည်။ အဆိုပြုမြေကွက်နှင့်ကပ်လျက်မှ သင်းကိုက်ဝန် ဦး [illegible] ကော်လွင် [illegible] နေထိုင်လျက်ရှိပါသည်။ မြန်မာငါး ထုရင်ကူ [illegible] မြေချထားရ ပါမည်။ [illegible] သစ်သား [illegible] ရှိ ရေရန်စက်ရုံမှ [illegible] Water Treatment [illegible] [illegible] [illegible] [illegible] နေရာ [illegible] ရှိပါသည်။

၆။ ထို့ပြင် အဆိုပါမြေ ပေါ်တွင် ငါး ထုရင်လုပ်ငန်း [illegible] [illegible] လုပ်ငန်း [illegible] အဆိုပြုထားခြင်း အပေါ်တွင် [illegible] ပါကြောင်း [illegible] [illegible] [illegible] [illegible] ပါ [illegible]။

ပူးတွဲပါ- မြန်မာ့ငါး ထုရင်ကုမ္ပဏီ [illegible] ၂၃-၂-၂၀၀၁ [illegible]
[illegible] (မိတ္တူ)

သွန်ကြာအား ရေး ဖူး ရွှေ (ကိုယ်စား)
(ပန်းတော် - သွန်ကြာ ရေး ဖူး ၊ ဆီမီး [illegible])

[illegible]
[illegible]

[illegible]-
(၁) မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှု ကော်မရှင်။
(၂) ရုံး လက်ခံ။
(၃) မှတ်တမ်း [illegible]။

ကော်မရှင်၏ ၁၁ / ၂၀၀၁
အစည်းအဝေး

အကြောင်းအရာ ။ ။ မြန်မာငါး သုရင်လီမိတက်၏ ငါးပုဇွန်ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်းစက်ရုံတည်ဆောက်ခြင်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ ။

၁။ မြန်မာငါး သုရင်လီမိတက်မှ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၆၄)၊ စက်မှုဇုန်၊ မြေကွက်အမှတ် (၄၁) တွင်ငါး ပုဇွန်ပြုပြင်ထုတ်လုပ်ခြင်း နှင့် အအေးခန်း စက်ရုံတည် ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စအား (၁-၁၂-၂၀၀၀) နေ့တွင်ကျင်းပသော ကော်မရှင်၏ (၃၉/ ၂၀၀၀) ကြိမ်မြောက်အစည်းအဝေး သို့တင်ပြခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

" လုပ်ငန်းဆောင်ရွက်မည့် မြေနေရာမှ ပတ်ဝန်းကျင်ညစ်ညမ်း နိုင်မှုရှိ-မရှိ Water Treatment Plant - တပ်ဆင်ထားခြင်း ရှိ-မရှိကိုမြို့ရွာနှင့်အိုး အိမ်ဖွံ့ဖြိုး ရေးဦးစီး ဌာနမှသွား ရောက်စစ် ဆေး ပြီး ကော်မရှင်သို့ပြန်လည်တင် ပြရန် "

၂။ အထက် ပါဆုံး ဖြတ် ချက်အရ မြို့ရွာနှင့်အိုး အိမ်ဖွံ့ဖြိုး ရေး ဦး စီး ဌာန မှ အောက် ပါအတိုင်း ပြန်ကြား လာပါသည်။

" အဆိုပါ မြေနေရာတွင် (၁၇'×၆၀')အဆောက်အဦးတစ်လုံး(၁၀'×၉၀') အဆောက်အဦး တစ်လုံး ၊ (၁၀'×၃၆') ရုံး ခန်းနှင့်(၂၇'×၅၄') တစ်ထပ် အဆောက်အဦး တစ်လုံး တည် ဆောက်ထားပြီး လုပ်ငန်း ဆောင်ရွက်ခြင်း မရှိသေး ကြောင်း ၊

- လုပ်ငန်း ဆောင်ရွက်မည့် မြေနေရာတွင် ပတ်ဝန်း ကျင်ညစ် ညမ်း မှုမရှိစေရန် လုပ်ငန်း စီစဉ်ထား မှုနှင့်(Waste Water Treatment Plant)တပ်ဆင်ခြင်း အစီအစဉ်ကို (၂၃-၂-၂၀၀၁) ရက်စွဲပါစာဖြင့်တင်ပြလာပါကြောင်း ၊

\- အဆိုပြုမြေနေရာသည်အား ဘေး ခန်း စက်ရုံအတွက် မှာထား နေရာတွင်တည်ရှိပါကြောင်း၊ အဆိုပြုမြေကွက်နှင့်ကပ်လျက် တွင်း ဂင်း တိုက်ဝန် ဦး ထွန်း ညိုသမ်း ၏နံ ဘေး တွင်တဂူခြံ ရှေ့ခင်း လက်တက် ရှိပါကြောင်း၊ မြန်မာ့ဝါး တုရင်သီမိတက် ၏တင်ပြချက်အရ ပတ်ဝန်းကျင်ညစ်ညမ်း မှုမရှိစေရန်စက်ရုံ မှ Waste Water Treatment System အသုံးပြု ၍သန့်စင်ထား၍ပြီး သောအရည်ကြည်ကိုယင်း တဂူခြံ ရှေ့ခင်း မှတဆင့်သို့ပြင်မြစ်အတွင်း သို့စွန့်ပစ်ရန်စီစဉ် ဆောင်ရွက် နေ သည်ကို တွေ့ရှိရကြောင်း၊ သို့ပါ၍ အဆိုပါမြေ ပေါ်တွင်မြန်မာ ဝါး တုရင်သီမိတက်မှ ဝါး ပုဆွန်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြလာခြင်း အပေါ် ခွင့်ပြု သင့်ကြောင်း ပြန်ကြား လာပါသည်။

၃။ ယင်း အပြင်မြန်မာ့ဝါး တုရင်သီမိတက်မှလည်း ဘောဂဗေဒ ဌာနသို့ ရေညစ်သန့်စင်မှုအစီအစဉ်နှင့်ပတ်သက်၍ ရှင်း လင်း တင်ပြလာပါသည်။ အဆိုပြုချက် တွင်လည်း Waste Water Treatment Plant — နှင့်ပတ်သက် သောအစီ အစဉ်ကိုပြင်ဆင်ဖြည့်စွက်ပြီး ကြောင်း နှင့်လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အခြား အချက်များ နှင့်အတူပြန်လည်တင်ပြလာမည်း ဥန်မှုခံယူသော ပိပါသည်၏

* ကျော်၃၄၂၀၀၁။

ကော်မရှင်၏ ၁၁ / ၂၀၀၁
အစည်းအဝေး

အကြောင်းအရာ။ ။ မြန်မာငါးဘုရင်လီမိတက်၏ ငါးပုဇွန်ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်းစက်ရုံတည်ဆောက်ခြင်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာငါးဘုရင်လီမိတက်မှ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၆၄)၊ စက်မှုဒေသ၊ မြေကွက်အမှတ် (၄) တွင် ငါးပုဇွန်ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စအား (၁-၁၂-၂၀၀၀) နေ့တွင်ကျင်းပသော ကော်မရှင်၏ (၃၉/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

“ လုပ်ငန်းဆောင်ရွက်မည့်မြေနေရာမှာ ပတ်ဝန်းကျင်ညစ်ညမ်းနိုင်မှုရှိ-မရှိ Water Treatment Plant - တပ်ဆင်ထားခြင်းရှိ-မရှိကို မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာနမှသွားရောက်စစ်ဆေးပြီး ကော်မရှင်သို့ပြန်လည်တင်ပြရန် ”

၂။ အထက်ပါဆုံးဖြတ်ချက်အရ မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ပါအတိုင်း ပြန်ကြားလာပါသည်။

“ အဆိုပါမြေပေါ်တွင် (၁၇'×၆၀') အဆောက်အဦးတစ်လုံး (၁၀'×၉၀') အဆောက်အဦးတစ်လုံး၊ (၁၀'×၃၆') ရုံးခန်းနှင့် (၂၇'×၅၄') တစ်ထပ်အဆောက်အဦးတစ်လုံးတည်ဆောက်ထားပြီး လုပ်ငန်းဆောင်ရွက်ခြင်းမရှိသေးကြောင်း၊

- လုပ်ငန်းဆောင်ရွက်မည့်မြေနေရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် လုပ်ငန်းစီစဉ်ထားမှုနှင့် (Waste Water Treatment Plant) တပ်ဆင်ခြင်းအစီအစဉ်ကို (၂၃-၂-၂၀၀၁) ရက်စွဲပါစာဖြင့်တင်ပြလာပါကြောင်း၊

- အဆိုပြုမြေ နေရာသည်အဆော ခန်း စက်ရုံအတွက် မှာထား နေရာတွင်တည်ရှိပါကြောင်း၊ အဆိုပြုမြေကွက်နှင့်ကပ်လျက် တွင် ဘင်းတိုက်ဝန် ဦးထွန်းညိုလမ်း၏နံဘေးတွင်တဂူခြံ ရှေခင်း လက်တက်ရှိပါကြောင်း၊ မြန်မာဝါးထုရင်လီမိတက် ၏တင်ပြချက်အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်စက်ရုံ မှ Waste Water Treatment System အသုံးပြု ၍သန့်စင်ထားပြီး သော ရေကြည်ကိုယင်း တဂူခြံ ရှေခင်း မှတဆင့်သိုင်မြစ်အတွင်းသို့စွန့်ပစ်ရန်စီစဉ် ဆောင်ရွက်နေ သည်ကိုတွေ့ရှိရကြောင်း၊ သို့ပါ၍အဆိုပါမြေ ပေါ်တွင်မြန်မာ ဝါးထုရင်လီမိတက်မှ ဝါးပုဆွန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြလာခြင်းအား ခွင့်ပြု သင့်ကြောင်း ပြန်ကြားလာပါသည်။

၃။ ၄င်းအပြင်မြန်မာ့ဝါးထုရင်လီမိတက်မှလည်း ကော်မရှင်သို့ ရေညစ်သန့်စင်မှုအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလာပါသည်။ အဆိုပြုချက် တွင်လည်း Waste Water Treatment Plant - နှင့်ပတ်သက်သော အစီ အစဉ်ကိုပြင်ဆင်ဖြည့်စွက်ပြီး ကြောင်းနှင့်လုပ်ငန်းစီမံကိန်း အဆိုပြုချက်၏အခြား အချက်များနှင့်အတူပြန်လည်တင်ပြလမ်းညွှန်မှုခံယူအပ်ပါသည်။

* ကျပ်၃၄၂၀၀၀။

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏ အဓိကအချက်များ
(မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံ ဥပဒေအရ)

၁။	ကုမ္ပဏီအမည်	မြန်မာ ငါး ဘုရင်လီမိတက်
		(Myanmar King Fish Ltd.)
		(၁၄-၂-၂၀၀၀ နေ့တွင်မှတ်ပုံတင်ပြီး)
၂။	လုပ်ငန်း အဆိုပြုသူအမည်	ဦး ခင်ကျော်
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	ငါး ပုစွန်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း
၄။	တည်နေရာ	မြေကွက်အမှတ်(၄)၊ မြေတိုင်း ရပ်ကွက်အမှတ်(၆၄) စက်မှုဒေသ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း ။
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ကျပ် ၇၀.၄၀ သန်း (US$ ၀.၁၂၅ သန်းအပါအဝင်)
	- ငွေသား	ကျပ် ၂၀.၀၀ သန်း
	- မြေ	ကျပ် ၁၃.၂၀ သန်း
	- အဆောက်အဦ	ကျပ် ၁၅.၅၀ သန်း
	- စက်ပစ္စည်း	ကျပ် ၂၁.၇၀ သန်း (US$ ၀.၁၂၅ သန်းအပါအဝင်)
၆။	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	၁.၆၉ ဧက (၆၈၃၉.၁၉ စတုရန်း မီတာ)
	- မြေပိုင်ဆိုင်မှု	မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ မြန်မာ ငါး ဘုရင်လီမိတက်အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော မြေ၊ (မြေကိုမတည်ငွေရင်းအဖြစ်ထည့်ဝင်ထားပါသည်။)
	- မြေအမျိုးအစား	စက်မှုမြေ
၇။	ထုတ်လုပ်မှု(ပုံမှန်နှစ်)	<u>တန်</u>
	- Fresh Water Fish	၃၃၆
	- Sea Water Fish	၂၄၀
	- Fresh Water Prawn	၃၆
	- White Prawn	၃၆
	- Tiger Prawn	၃၆
	- Pink Prawn	၄၂
၈။	ရောင်းချမည့်နည်းစနစ်	
	- ပြည်ပရောင်း	၁၀၀%

၉။	ရောင်းဈေးနှုန်း (ပုံမှန်နှစ်)	အမေရိကန်ဒေါ်လာ (တစ်တန်လျှင်)
	- Fresh Water Fish	၂၀၇၀
	- Sea Water Fish	၁၈၅၀
	- Fresh Water Prawn	၁၈၀၀၀
	- White Prawn	၁၅၀၀၀
	- Tiger Prawn	၁၆၀၀၀
	- Pink Prawn	၁၆၀၀၀
၁၀။	ဝင်ငွေ (ပုံမှန်နှစ်)	US$ ၃.၆၅ သန်း
၁၁။	အသားတင်အမြတ်	US$ ၂.၆၄ သန်း
၁၂။	နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့်အကျိုးအမြတ်	
	- ဝင်ငွေခွန်	US$ ၀.၄၇ သန်း
	- ကုန်သွယ်လုပ်ငန်းခွန် (ပြည်ပရောင်းရငွေ အပေါ် ၁၀%)	US$ ၀.၃၆ သန်း
၁၃။	ဝန်ထမ်းအင်အား	၂၀၆ ဦး
	- ပြည်တွင်း	၂၀၃ ဦး
	- ပြည်ပ	၃ ဦး
၁၄။	တည်ဆောက်မှုကာလ	(၆) လ
၁၅။	အခြား	- စက်ပစ္စည်းများအား အိန္ဒိယနိုင်ငံ ANDAMAN SEA FOODS PVT LTD. မှ ရှေ့ဆိုင်းငွေပေးချေခြင်းစနစ်ဖြင့် ရယူမည်ဖြစ်ပြီး အတိုးနှုန်း (၅) ရာခိုင်နှုန်းဖြင့် (၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ - စက်ပစ္စည်းစာရင်းအား တင်ပြထားပါသည်။

- ယင်းလုပ်ငန်း၏ ငွေကြေး အထောက်အထားအဖြစ် Myanmar King Fish Ltd. အမည်ဖြင့် ရိုးမဘဏ်၌ (၁၄-၆-၂၀၀၀) နေ့ ငွေလက်ကျန်မှာ ကျပ် (၁၀.၁၀) သိန်း ရှိကြောင်း တင်ပြထားပါသည်။
- ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများ သာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ ပြည်ပဈေးကွက် ရှိပြီးဖြစ်ကြောင်း၊ မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းများအား လိုက်နာမည်ဖြစ်ကြောင်း၊ ပြည်ပမှ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ချေးယူသူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ယင်းချေးငွေကို လုပ်ငန်းမှ ရရှိသည့် တရားဝင်နိုင်ငံခြားငွေနှင့် ပေးဆပ်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့် Waste Water Treatment Plant တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။
- မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ငါးပုစွန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းကို အားပေးကူညီထောက်ခံသဖြင့် ကန့်ကွက်ရန်မရှိကြောင်းနှင့် ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ကြောင်း ထောက်ခံစာ ပူးတွဲတင်ပြထားပါသည်။
- ပူးတွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့သည့် အအေးခန်းနှင့် ငါးပုစွန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း (၃၁) ခုရှိပြီးဖြစ်ပါသည်။ ယခုအဆိုပြုလုပ်ငန်းအပါအဝင် တင်ပြထားသည့် လုပ်ငန်းပေါင်း (၆) ခုရှိပါသည်။